
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၁/၂၀၂၃ )


## (၁၄.၆.၂၀၂၃ မှ ၂၀.၆.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃) သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၀၆) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၆.၇၈)တင်းဖြင့် အထွက်တင်း(၂၀၀.၁၅)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားဧက (၁၄.၉၉)သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့အထိ (၀.၃၈)သန်း (၂.၅၂ %) စိုက်ပျိုးပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၁၈ ဟက်တာသန်း **(ဧက ၄၁၀.၂၂ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၈ မက်တန် **(၂၂၄ .၂၂ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၄၉ သန်း **(စပါးတင်း ၂၄၉၃၆.၆၇ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ညှော်မထအုပ်စုဝင်(၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ညှော်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁)အိတ် ဈေးနှုန်းများဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဥ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ညှော်မထ(မိုး) | ၁၅၆၀၀၀၀ | ↑ ၁၆၄၀၀၀၀ | မနောသုခ(မိုး) | ၆၅၀၀၀ | ▬ ၆၅၀၀၀ |
| | | | ညှော်မထ(နွေသစ်) | ၁၃၁၀၀၀၀ | ↑ ၁၃၇၀၀၀၀ | မနောသုခ(နွေသစ်) | ၆၁၀၀၀ | ↑ ၆၅၅၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ညှော်မထ(မိုး) | ၁၇၂၀၀၀၀ | ↑ ၁၇၃၈၀၀၀ | ညှော်မထ(မိုး) | ၆၇၀၀၀ | ▬ ၆၇၀၀၀ |
| | | | ညှော်မထ(နွေသစ်) | ၁၆၂၈၀၀၀ | ↑ ၁၆၅၆၀၀၀ | ညှော်မထ(နွေသစ်) | ၆၁၀၀၀ | ▬ ၆၁၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ညှော်မထ(မိုး) | ၁၆၆၀၀၀၀ | ↑ ၁၇၀၂၀၀၀ | ညှော်မထ(မိုး) | ၆၂၅၀၀ | ↑ ၆၅၀၀၀ |
| | | ပြည် | ညှော်မထ(မိုး) | ၁၆၅၀၀၀၀ | ↑ ၁၇၀၀၀၀၀ | ညှော်မထ(မိုး) | ၆၂၀၀၀ | ↑ ၆၄၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ညှော်မထ(မိုး) | ၁၈၀၀၀၀၀ | ▬ ၁၈၀၀၀၀၀ | ညှော်မထ(မိုး) | ၆၇၀၀၀ | ↑ ၇၀၀၀၀ |
| | | ပျဉ်းမနား | ညှော်မထ(မိုး) | ၁၉၀၀၀၀၀ | ▬ ၁၉၀၀၀၀၀ | ညှော်မထ(မိုး) | ၇၂၀၀၀ | ▬ ၇၂၀၀၀ |
| | | | ညှော်မထ(နွေသစ်) | | ၁၄၀၀၀၀၀ | ညှော်မထ(နွေသစ်) | | ၅၈၀၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ညှော်မထ(မိုး) | ၂၄၀၀၀၀၀ | ▬ ၂၄၀၀၀၀၀ | ရေမာင်း(မိုး) | ၉၆၀၀၀ | ▬ ၉၆၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ညှော်မထ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၈၅၀၀၀ | ▬ ၈၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုး) | ၁၆၅၀၀၀၀ | ▬ ၁၆၅၀၀၀၀ | ဧယာ(မိုး) | ၆၄၀၀၀ | ↑ ၆၅၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
မျဉ်းမနား
ရွှေဘို
ချစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၀၀၀၀၀
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
မျဉ်းမနား
ရွှေဘို
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၉.၅.၂၃ | ၅.၆.၂၃ | ၁၂.၆.၂၃ | ၁၉.၆.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၂၅ | ၅၂၅ | ၅၂၂ | ၅၂၃ |
| | | White Rice ၅% | ၅၁၁ | ၅၁၁ | ၅၀၇ | ၅၀၉ |
| | | White Rice ၂၅% | ၄၉၄ | ၄၉၄ | ၄၉၀ | ၄၉၂ |
| | | Parboiled Rice ၁၀၀% | ၅၂၃ | ၅၂၃ | ၅၁၉ | ၅၂၀ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၀၂ | ၅၀၂ | ၅၀၂ | ၅၀၂ |
| | | White Rice ၂၅% | ၄၈၇ | ၄၈၇ | ၄၈၂ | ၄၈၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၄၂ | ၅၄၂ | ၅၀၇ | ၄၉၂ |
| | | White Rice ၂၅% | ၅၀၇ | ၅၀၇ | ၄၆၂ | ၄၅၂ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၃၂ | ၄၃၂ | ၄၃၂ | ၄၃၂ |
| (င) | မြန်မာ | White Rice ၅% | ၅၀၅-၅၁၀ | ၅၂၀-၅၃၀ | ၅၂၀-၅၃၀ | ၅၂၀-၅၃၀ |
| | | White Rice ၁၀% | ၄၉၅-၅၀၅ | ၅၁၀-၅၂၀ | ၅၁၀-၅၂၀ | ၅၁၀-၅၂၀ |
| | | White Rice ၁၅% | ၄၈၅-၄၉၅ | ၅၀၀-၅၁၀ | ၅၀၀-၅၁၀ | ၅၀၀-၅၁၀ |
| | | White Rice ၂၅% | ၄၇၀-၄၇၅ | ၄၈၀-၄၉၀ | ၄၈၀-၄၉၀ | ၄၈၀-၄၉၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၁၉.၆.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၂၉၀) သန်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၀.၂၁၃) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၉.၆.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၁၀၁၈၉၀)၊ တန်ဘိုး (၄၈.၁၁၀) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၂၉၀၉၅၁)၊ တန်ဘိုး (၁၀၃.၉၄၉) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၁၈၉၀၆၀)၊ တန်ဘိုး (၅၅.၈၃၉) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၄၉၀ USD ဖြစ်သော်လည်း Earning ဈေး၂၄၁၀ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၄၅ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဆန်ရောင်းအားလျော့နည်းနေသည့်အတွက် ပို့ကုန်ဆန်ဈေးနှုန်းများမြင့်တက်ခဲ့ပါသည်။ ပါကစ္စတန်တွင် ပြည်ပဆန်ဝယ်လက်များ အဝယ်အေးနေခြင်း၊ ဆန်ရောင်းနိုင်ငံအချို့ ဆန်ရောင်းအားနည်းခြင်းတို့ကြောင့် အရောင်းအဝယ်အေးပြီး ပို့ကုန်ဆန်ဈေးနှုန်းများကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ရောင်းအားနည်းနေသဖြင့် အရောင်းအဝယ်အေးပြီး ဆန်ဈေးနှုန်းအမြင့်ဈေးဖြင့် ဈေးငြိမ်နေပါသည်။ ပြည်တွင်း စပါး၊ ဆန်ဈေးကွက်၌ မိုးစပါးလက် ကျန်နည်းလာခြင်း၊ လှောင်လက်နှင့် စက်ပိုင်ကုန်သည် ရောင်းအားနည်းခြင်း၊ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ကြိတ်ခွဲထုတ်လုပ်နိုင်မှုမရှိခြင်း၊ ဒေသတွင်း စားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်အားရှိခြင်းတို့ကြောင့် မြို့နယ်အများစုတို့တွင် စပါး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ကျန်မြို့နယ်များတွင် စပါး၊ ဆန်ဈေးနှုန်းများငြိမ်နေပြီး ဒေသတွင်းစားသုံးရန်နှင့် ပြည်ပ တင်ပို့ရန်ဝယ်လိုအားပုံမှန်ရှိနေကြောင်းသိရှိရပါသည်။